**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သံရုံး**
**ရီယာဒ်မြို့**

# မြန်မာနိုင်ငံသားများသို့အသိပေးအကြောင်းကြားခြင်း

၁။ ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲကို ၂၀၁၅ ခုနှစ် နိုဝင်ဘာလ(၈) ရက်တွင် မြန်မာနိုင်ငံတစ်ဝှမ်းလုံး၌ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

၂။ ပြင်ပရောက်မြန်မာနိုင်ငံသားများအနေဖြင့် နီးစပ်ရာမြန်မာသံရုံးများတွင် ကြိုတင်ဆန္ဒမဲပေးနိုင်ပါသည်။

၃။ ကြိုတင်ဆန္ဒမဲပေးနိုင်ရန်အတွက် မြန်မာနိုင်ငံတွင် မိမိတို့နေထိုင်ရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့လျှောက်ထားနိုင်ရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှသတ်မှတ်ထားသည့် ပြင်ပရောက်ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများနှင့်ပတ်သက်၍ဖြည့်သွင်းရန်ပုံစံ (ပုံစံ-၁၅) ကို ပြည့်စုံစွာဖြည့်စွက်ပြီး ကြိုတင်ဆန္ဒမဲပေးမည့်သူကိုယ်တိုင်လက်မှတ်ရေးထိုးရပါမည်။ အဆိုပါပုံစံ(၁၅)ကို ရီယာဒ်မြို့၊ မြန်မာသံရုံး၏ Website www.meriyadh.com တွင် download ရယူနိုင်ပါသည်။

၄။ ယခုအခါပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ပုံစံ(၁၅)ပေးပို့ရမည့်နောက်ဆုံးပေးပို့ရမည့်ရက်ကို (၁၉-၉-၂၀၁၅)ရက် နောက်ဆုံးထားပေးပို့ရန် ပြင်ဆင်သတ်မှတ်လာပါသည်။

၅။ ကြိုတင်ဆန္ဒမဲပေးလိုသည့်မြန်မာနိုင်ငံသားများအနေဖြင့် ပုံစံ(၁၅)ကိုပြည့်စုံစွာဖြည့်စွက်ပြီး လက်မှတ်ရေးထိုးကာ ရီယာဒ်မြို့၊ မြန်မာသံရုံး၏အီးမေးလ် meriyadh@gmail.com သို့ (၁၇-၉-၂၀၁၅)ရက် နောက်ဆုံးထားပြီးပေးပို့ရန်ဖြစ်ပါသည်။

၆။ ရီယာဒ်မြို့၊ မြန်မာသံရုံးတွင် ၁၇-၁၀-၂၀၁၅ ရက် (စနေနေ့)တွင် နံနက် ၁၀း၀၀ နာရီမှ ၁၇း၀၀ နာရီအထိ မဲရုံဖွင့်လှစ်သွားမည်ဖြစ်ပါသည်။

၇။ ရီယာဒ်မြို့၊ မြန်မာသံရုံးတွင် ကြိုတင်ဆန္ဒမဲပေးမည့်မြန်မာနိုင်ငံသားများအနေဖြင့် ဆော်ဒီအာရေးဘီးယားဗီဇာရယူရေးကိစ္စ၊ လေယာဉ်လက်မှတ်အသွား/အပြန်၊ တည်းခိုနေထိုင်ရေးနှင့် သယ်ယူပို့ဆောင်ရေးစသည့်အုပ်ချုပ်မှုကိစ္စအဝဝကို မြန်မာနိုင်ငံသားများအနေဖြင့် မိမိတို့ကိုယ်တိုင် ဆောင်ရွက်ရမည်ဖြစ်ပါသည်။

၈။ ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် ပြင်ပရောက်မြန်မာနိုင်ငံသားများ ကြိုတင်ဆန္ဒမဲပေးနိုင်ရေးနှင့်ပတ်သက်၍ မရှင်းလင်းသည်များရှိပါက အောက်ဖော်ပြပါပုဂ္ဂိုလ်ထံ

တယ်လီဖုန်းဖြင့်ဖြစ်စေ၊ အီးမေးလ်ဖြင့်ဖြစ်စေ ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း အကြောင်းကြား အပ်ပါသည်-

ဦးသိန်းဝင်း
ဒုတိယအတွင်းဝန်
ရီယာဒ်မြို့၊ မြန်မာသံရုံး
လက်ကိုင်ဖုန်း- ၀၅၄ ၇၃၃ ၈၆၉၅
အီးမေးလ် - meriyadh@gmail.com

မြန်မာသံရုံး၊ ရီယာဒ်မြို့